# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 2, 2020 | Volume 30, Number 2

**၂.၄.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၁၆ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၃၈၇/- ကျပ် |
| CBM Rate | = ၁၃၉၈.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၇.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၈.၃၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၆.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၃.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၅၃.၉၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၀၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၃၀၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၉၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၀.၆၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၄၂၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## တရုတ်နယ်စပ်တွင် လူအဝင်ပိတ်ခြင်းကြောင့် တစ်ပိုင်တစ်နိုင်ကုန်သွယ်သူများ အခက်တွေ့



တရုတ်နိုင်ငံက နယ်စပ်မှလူအဝင်ပိတ်ခြင်းကြောင့် မူဆယ်ရှိ တစ်ပိုင်တစ်နိုင်ကုန်သွယ်နေသူများ အခက်အခဲကြုံနေရကြောင်း မူဆယ်မြို့မှကုန်သည်အချို့က ပြောသည်။ တစ်ရက်လျှင် ကန်ဒေါ်လာ ၁၄ သန်းကျော် ကုန်သွယ်နေသော မြန်မာ–တရုတ်နယ်စပ်တွင် သုံးဘီးဆိုင်ကယ်များဖြင့် တစ်ပိုင်တစ်နိုင်ကုန်သွယ်ရေး လုပ်ကိုင်နေသူ ၄၀၀ မှ ၅၀၀ အကြားရှိကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင်အသင်းဝင် ဦးမင်းသိန်းကပြောသည်။ "တစ်ပိုင်တစ်နိုင်လုပ်နေသူတွေ အရမ်းကိုအခက်တွေ့နေတယ်"ဟု ၎င်းကပြောသည်။ မြန်မာနိုင်ငံတွင် COVID–19 ရောဂါတွေ့ရှိပြီး တစ်ပတ်ခန့်အကြာတွင် တရုတ်အစိုးရက နယ်စပ်မှ လူအဝင်၊ အထွက်များပိတ်လိုက်ပြီး လက်ရှိတွင် ကုန်တင်ယာဉ်ဖြင့် ယာဉ်မောင်းတစ်ဦးကိုသာ ဝင်ခွင့်ပြုကြောင်း မူဆယ်နယ်စပ်မှ ကုန်သည်အချို့ကပြောသည်။

ထိုအခြေအနေက ပစ္စည်းကဲ့ပေးသည့် တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူများ၊ ရွှေလီမြို့တွင် အလုပ်လုပ်ကိုင်သူများအတွက် အခက်အခဲဖြစ်နေကြောင်း ၎င်းတို့ကဆိုသည်။ လက်ရှိတွင် တရုတ်နိုင်ငံက လူအဝင်၊ အထွက်များကို စိစစ်နေသော်လည်း ကုန်စည်ကူးသန်းရောင်းဝယ်မှု ဆက်လက်ရှိနေသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ မြန်မာနိုင်ငံမှ တစ်ရက်လျှင် ဖရဲ၊ သခွား ကုန်တင်ယာဉ်အစီး ၆၀၀ ခန့် တင်ပို့နေပြီး ဆန်နှင့်ဆန်ကွဲလည်း တင်ပို့နေသည်။ ထို့အတူ တရုတ်နိုင်ငံမှ အထည်ကုန်ကြမ်းများ အပါအဝင် လူသုံးကုန်ပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစသည်တို့ကို ပြန်လည်တင်သွင်းနေသည်ဟု ဦးခင်မောင်လွင်ကပြောသည်။

**Source:** https://7day.news/detail?id=183322

## ဘဏ္ဍာနှစ်ဝက်အတွင်း ဒေါ်လာတန်ဖိုး ကိုးရာခိုင်နှုန်းကျဆင်း

ပြည်တွင်းငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုးသည် ယခုဘဏ္ဍာနှစ် ခြောက်လအတွင်း ကိုးရာခိုင်နှုန်းခန့် ကျဆင်းကြောင်း ကမ္ဘာ့ဘဏ်၏ဒေသဆိုင်ရာ စီးပွားရေးစောင့်ကြည့် အစီရင်ခံစာတွင်ဖော်ပြထားသည်။ အမေရိကန် ဗဟိုဘဏ် အတိုးနှုန်းလျှော့ချမှုနှင့် ပြည်တွင်းငွေကြေးဈေးကွက် အခြေအနေကြောင့် ဒေါ်လာတန်ဖိုးကျဆင်းခြင်းဟု ကမ္ဘာ့ဘဏ်က ဆိုထားသည်။ ၂၀၁၉ အောက်တိုဘာက တစ်ဒေါ်လာလျှင် ၁,၅၅၀ ကျပ် ဝန်းကျင်ရှိခဲ့သော်လည်း ၂၀၂၀ မတ်လကုန်တွင် တစ်ဒေါ်လာ ကျပ် ၁,၄၀၀ အောက်သို့ ဈေးကျဆင်းသည်။

လူသုံးကုန်ပစ္စည်းများအပါအဝင် ပြည်ပမှသွင်းကုန်ပမာဏများသော မြန်မာနိုင်ငံအတွက် ကန်ဒေါ်လာတန်ဖိုး ကျဆင်းခြင်းက စားသုံးသူပြည်သူများအတွက် အခွင့်အလမ်းကောင်းဖြစ်သည်ဟု စီးပွားရေးပညာရှင် ဦးဇော်ဖေဝင်းက ပြော သည်။ ၂၀၁၉–၂၀ ဘဏ္ဍာနှစ် ပထမခြောက်လအတွင်း မြန်မာနိုင်ငံ၏ သွင်းကုန်ပမာဏသည် ဒေါ်လာ ၁၀ ဘီလီယံကျော် ရှိပြီး ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဒေါ်လာနှစ်ဘီလီယံကျော်ပိုများသည်။

ထို့အပြင် ကမ္ဘာ့ကပ်ရောဂါ COVID-19 ကာလအတွင်း ဒေါ်လာတန်ဖိုးကျဆင်းနေခြင်းက ပြည်တွင်းငွေကြေးဖောင်းပွမှုနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုကို ထိန်းနိုင်မည့်အခြေအနေရှိကြောင်း စီးပွားရေးပညာရှင်အချို့ကသုံးသပ်သည်။ လက်ရှိမြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် ၇ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း ကမ္ဘာ့ဘဏ်အစီရင်ခံစာတွင် ဖော်ပြထားသည်။ အစိုးရက လစဉ်ထုတ်ပြန်နေသော ဗဟိုစာရင်းအင်းအဖွဲ့၏ အစီရင်ခံစာတွင် ဇန်နဝါရီလ မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းကို ၉ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်းဖော်ပြထားသည်။

**Source:** https://7day.news/detail?id=18332

## ကုန်ဈေးနှုန်းမတက်ရန် များစွာကြိုးစားနေပြီး အချို့လုပ်ငန်းရှင်များကလည်း ပူးပေါင်းဆောင်ရွက်နေဟု ဒေါ်အောင်ဆန်းစုကြည်ပြော



လက်ရှိကာလတွင် ကုန်ဈေးနှုန်းမတက်ရန် များစွာကြိုးစားနေပြီး အချို့လုပ်ငန်းရှင်များကလည်း ပူးပေါင်းဆောင်ရွက်နေကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။ COVID-19 ရင်ဆိုင်နေရချိန်တွင် ရိက္ခာလုံလောက်ရေးအတွက် အထူးဂရုစိုက်ထားကြောင်းနှင့်အားလုံးက စိတ်အေးအေးထားရန်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုက်တွန်းသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်အစည်းအဝေးခန်းမ၌ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ လက်တွေ့အခြေအနေများကို အပြန်အလှန်ဆွေးနွေးစဉ် ထည့်သွင်းပြောကြားခြင်းဖြစ်သည်။ "စားဝတ်နေရေးနဲ့ပတ်သက်ရင် အားလုံးကဝိုင်းပြီးကူညီရမယ်။ ရိက္ခာတွေကိုစုဆောင်းတာ မလုပ်ပါနဲ့။ ဒါလည်း အမေဇာ ခဏပြောပါတယ်။ တခြားသူတွေ ဝအောင်မစားရဘဲနဲ့ ကိုယ်တစ်ယောက်တည်း ဗိုက်ပြည့်အောင် စားနေတယ်ဆိုတာလည်း ဘာမှ ဂုဏ်ယူစရာလည်းမဟုတ်ဘူး။ ရှက်စရာကြီး။ အဲဒီလိုလည်းမဖြစ်သင့်ဘူး။ နောက်ပြီး ဘယ်သူမှလည်း တော်ပြီးသေမှာ မဟုတ်ဘူး။ အဲဒီလောက်ဘယ်လိုမှ မဆိုနိုင်ပါဘူး"ဟု ၎င်းကဆိုသည်။

အစိုးရသည် Lockdown (လုံးဝပိတ်နှောင်မှု) ပြုလုပ်ခြင်းကို လိုအပ်မှသာလုပ်ဆောင်မည်ဖြစ်ပြီး လုပ်ဆောင်မည်ဆိုပါကလည်း အားလုံးစီစဉ်ပြီးမှသာလုပ်မည်ဟု ဒေါ်အောင်ဆန်းစုကြည်က ဧပြီ ၁ ရက်တွင်ပြောကြားသည်။ "Lockdown လုပ်မယ်ဆိုရင် ကြိုတင်ပြီးတော့လည်း တတ်နိုင်သလောက် စောစောကြိုပြောမယ်။ အစီအစဉ်တွေလည်း သေချာ လုပ်ပါမယ်"ဟု ၎င်းကဆက်ပြောသည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် COVID -19 နှင့်ပတ်သက်၍

မြန်မာနိုင်ငံတွင် လူထုပါဝင်မှုမြင့်မားပြီးတတ်နိုင်သမျှ ကူညီကြခြင်းအပေါ်ကျေးဇူးတင်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။


မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက လူထုပါဝင်မှုမြင့်မားကြောင်း၊ တတ်နိုင်သမျှကူညီကြခြင်းမှာ လွန်စွာ တန်ဖိုးရှိသည့် အလေ့အထဖြစ်ကြောင်း၊ အားလုံးကိုကျေးဇူးတင်ရှိကြောင်း အတိုင်ပင်ခံပုဂ္ဂိုလ်ကပြောသည်။ ထို့အပြင် တတ်နိုင်သမျှလုပ်ဆောင်ပေးရန်နှင့် ပြည်သူများနားလည်အောင်ကြိုးစားပေးရန် ဒေါ်အောင်ဆန်းစုကြည်က လမ်းညွှန် တိုက်တွန်းသည်။ လက်ရှိတွင် ကမ္ဘာတစ်ဝန်း၌ တစ်ဦးချင်းစီက မိမိကိုယ်တိုင်ကာကွယ်ထိန်းသိမ်းရေးနှင့် တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်မနေထိုင်ရေးမှာ အရေးကြီးကြောင်းနှင့် Quarantine (၁၄) ရက်ကာလကို ကြည်ကြည်ဖြူဖြူ လိုက်နာ ဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းကတိုက်တွန်းသည်။

"Home Quarantine က တကယ်တော့ မိသားစုတွေကလည်း တာဝန်သိစိတ်ရှိရမယ်လေ။ ဒါဟာ ကလေး ကစားစရာမှ မဟုတ်ဘဲ။ တက္ကသိုလ်ကျောင်းဆောင်က ခိုးထွက်ပြီးတော့၊ အပျော်ခိုးထွက်တာမျိုးမှမဟုတ်ဘဲ။ ဒါက အန္တရာယ်အများကြီးရှိတဲ့ ကိစ္စ။ နောက်ပြီးကိုယ်တိုင်လည်း တာဝန်ယူရမယ်။ မိသားစုကလည်း တာဝန်ယူရမယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။ ဆက်လက်၍ "ကိုယ့်မိသားစုတစ်ခုကြောင့်၊ ကိုယ့် မိသားစုထဲက လူတစ်ယောက်ကြောင့်မို့ ရပ်ရွာတစ်ခုလုံး ဒုက္ခ မရောက်ပါစေနဲ့။ ဒီ ၁၄ ရက်ကို သည်းခံပြီး စည်းမျဉ်းစည်းကမ်းအရနေလိုက်ပါဆိုတာ ရပ်ရွာကလည်းဆော်ဩရမယ်။ ရပ်ရွာက တညီတညွတ်တည်း ရပ်တည်ဆိုရင် သိပ်မလုပ်ရဲပါဘူး"ဟု ၎င်းကဆိုသည်။ Quarantine (၁၄) ရက်ကာလကို အခက်အခဲဟုရှုမြင်ပြီး ညွှန်ကြားချက်များကို မလိုက်နာပါက ယခု COVID-19 ကပ်ရောဂါကို မည်သို့မှ ကျော်လွှားနိုင်မည် မဟုတ်ကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က သတိပေးသည်။

ယခုကဲ့သို့ အချိန်အခါမျိုးတွင် စိတ်ဓာတ်ခိုင်မာရမည်ဖြစ်ပြီး ထိန်းမနိုင်သိမ်းမရအခြေအနေထိမပြန့်ပွားစေရန် ထိန်းချုပ် ထားနိုင်မည်ဆိုပါက စိန်ခေါ်မှုကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ ထို့အပြင် အတူတကွလက်တွဲ ရင်ဆိုင်ရန်းကန်ရင်း ညီအစ်ကိုမောင်နှမစိတ်ဓာတ်များ ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ဆို သည်။

**Source:** https://7day.news/detail?id=183296

## ပြည်ပမှကားတင်သွင်းရန် လိုင်စင်ပါမစ်လျှောက်ထားခြင်း ၂ လအပြည့် တိုးမြှင့်ခံစားခွင့်ပြုမည်



COVID-19 ရောဂါပြဿနာကြောင့် ကုန်သွယ်ရေးကိစ္စများတွင် သက်ရောက်မှုရှိနေသည့်အတွက် ပြည်ပနိုင်ငံမှ မော်တော်ကားများ တင်သွင်းရန် သွင်းကုန်လိုင်စင် ပါမစ်လျှောက်ထားခြင်းကို ယခင် သတ်မှတ်ထားသည့် မတ်အတွင်း ကုန်ဆုံးမည့်အစား သက်တမ်း နှစ်လအပြည့်တိုးမြှင့်ခံစားခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဧပြီလ ၁ ရက်တွင် သိရသည်။ လက်ရှိဖြစ်ပေါ်နေသော ကိုရိုနာဗိုင်းရပ်စ်ရောဂါ ပြဿနာများကြောင့် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကုန်စည်ပို့ဆောင်ရေး ကိစ္စရပ်များတွင် ခက်ခဲကြန့်ကြာမှုများ ဖြစ်ပေါ်နေသည့်အတွက် ကုန်သွယ်မှု အဆင်ပြေချောမွေ့စေရန် ည်ရွယ်၍ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းပေါက်များ ဖြစ်သည့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် ၊ မြဝတီကုန်သွယ်ရေးဇုန်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းတို့မှ တင်သွင်းရန် ၂၀၁၉ ခုနှစ်အတွင်း ခွင့်ပြုထုတ်ပေးထားသည့် မော်တော်ယာဉ်တင်သွင်းခွင့် သွင်းကုန်လိုင်စင်များအား ခွင့်ပြုထုတ်ပေးသည့်ရက်မှ ၃ လသက်တမ်း ကုန်ဆုံးပါက မတ် ၃၁ ရက်အထိသာ သက်တမ်းတိုးမြှင့်ခွင့်ပြုခြင်း (အစား)ပထမအကြိမ်သက်တမ်း ၂ လ အပြည့် တိုးမြှင့် ခံစားခွင့်ပြုသွားမည်ဖြစ်ပြီး အဆိုပါကာလတွင် အပြီးတင်သွင်းကြရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အသိပေးကြေညာထားရှိသည်။

"COVID-19 ရောဂါပြဿနာကြောင့် ကုန်သွယ်မှုတွေ အချိန်ကြန့်ကြာနေတာတွေရှိလို့ ၂၀၁၉ က ကားတင်သွင်းဖို့ လိုင်စင်တွေက မတ် ၃၁ ရက်မှာ ကုန်ဆုံးမယ့်လိုင်စင်တွေကို သက်တမ်း ၂ လအထိ ထပ်တိုးခွင့်ပြုပေးတာပါ။ မတ် ၃၁ ရက်မှာ သက်တမ်းကုန်မယ့် ကားလိုင်စင်တွေပါမှာပါ။ အခုသက်တမ်း ၂ လ တိုးပေးထားတဲ့ကာလမှာတော့ ကားတွေအပြီး တင်သွင်းရမှာပါ။"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ဧပြီ ၁ ရက်တွင် မြန်မာ တိုင်းမ်သို့ ပြောဆိုသည်။

ပြည်ပနိုင်ငံမှ မော်တော်ကားတင်သွင်းခြင်းကို ၂၀၁၈ ခုနှစ်မှစတင်၍ ဘယ်မောင်းကားများကိုသာ တင်သွင်းခွင့်ပြုရန် သတ်မှတ်ထားခဲ့ပြီးနောက်ပိုင်းတွင် ပြည်ပနိုင်ငံမှ မော်တော်ကားတင်သွင်းမှု နည်းပါးလာခဲ့ရာ ကားတင်သွင်းသူများမှာလည်း ဥရောပနိုင်ငံထုတ် ဘယ်မောင်းကားများကိုသာ တင်သွင်းမှုရှိလာနေကြရာ အဆိုပါဥရောပနိုင်ငံရှိကားများ မြန်မာနိုင်ငံ ဆိပ်ကမ်းများသို့ ရောက်ရှိရန် အချိန် ၃ လနီးပါးကြာမြင့်နေသိရသည်။

**Source:** https://myanmar.mmtimes.com/news/137762.html

## COVID-19 ကြောင့် နယ်စပ်အရောင်းအဝယ်ပိတ်ထား၊ မျောက်ငိုသီးရောင်းဝယ်သူနှင့် ခြံသမားများအရှုံးပေါ်



COVID-19 ကြောင့် မြန်မာ-အိန္ဒိယနယ်စပ်ရောင်းဝယ်ရေး နယ်စပ်ဂိတ်ကို မတ် ၁၆ ရက်မှ စတင်ပိတ်ထားခဲ့၍ တမူးနယ်စပ်တွင် မျောက်ငိုသီး အရောင်းအဝယ်ရပ်ဆိုင်းကာ စိုက်ပျိုးသူများ၊ အရောင်းအဝယ်သမားများ အရှုံးပေါ်နေကြောင်းသိရသည်။ မြန်မာ-အိန္ဒိယနယ်စပ် တမူး၌ ပြီးခဲ့သည့် ၂၀၁၉ ဒီဇင်ဘာမှ ယခုနှစ် မတ်လအထိ ကလေး၊ ချင်းတောင်ဒေသ၊ တမူးနှင့် ချင်းတွင်းမြစ်အထက် ပိုင်းတွင်စိုက်ပျိုးဖြစ်ထွန်းပြီး လွန်ခဲ့သည့် နှစ် (၃၀)ကျော် ကာလကတည်းက အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်၊ မီဇိုရမ်ပြည်နယ်၊ နာဂလန်းပြည်နယ်တို့က အများဆုံးဝယ်ယူခဲ့ကြကြောင်းသိရသည်။ "အခုနှစ် မျောက်ငိုသီးပေါ်ချိန်ကစပြီး နယ်စပ်မှာအရောင်းအဝယ်ကျဆင်းခဲ့တာဖြစ်ပါတယ်။ အနှစ်(၃၀)အတွင်း ပထမဆုံးအရောင်းအဝယ် ကျဆင်းခြင်းဖြစ်ပါတယ်။ အခုလို တစ်ခါမှမဖြစ်ခဲ့ဖူးပါဘူး။ ပုပ်ကုန်သိုးကုန်ဖြစ်တော့ မရောင်းရဘူးဆိုရင် ရက်ရှည်ထားလို့ မရပါဘူး။ အခုနှစ်ကတော့ မျောက်ငိုသီးကိုအပင်ပေါ်မှာထားရင်လည်း ရင့်ပြီးရှုံးမယ်။ ခူးကောက်ရောင်းမယ် ဆိုရင်လည်း ဝယ်သူမရှိတဲ့အခြေအနေဖြစ်ပါတယ်"ဟု တမူးမြို့နယ်နန် ရွာဒေသခံ ဦးမြင့်အောင်က ပြောသည်။

မျောက်ငိုသီးပေါ်ဦးပေါ်ဖျားဖြစ်သည့် ပြီးခဲ့သည့် ဇန်နဝါရီတွင် မြန်မာ-အိန္ဒိယနယ်စပ် တမူးနန်းဖာလုံဈေးတွင် မျောက်ငိုသီး တစ်တောင့်လျှင် မြန်မာငွေကျပ် ၂၀၀ အထိ ဈေးရှိခဲ့ပြီး ဖေဖော်ဝါရီလဆန်းတွင် မျောက်ငိုသီး တစ်တောင့် ကျပ် ၁၀၀ သို့ ကျဆင်းခဲ့ပြီး မတ်လပထမပတ်အရောင်းအဝယ် ရပ်ဆိုင်းသွားခဲ့ခြင်းဖြစ်သည်။ "မျောက်ငိုသီးပင် စတင်စိုက်ပျိုးချိန်ကစတင်ပြီး သုံးနှစ်မှာအသီးသီးပါတယ်။ ငါးနှစ်သားဆိုရင် အပင်တစ်ပင်ကို အသီးသီးရင် တစ်ပင်နှစ်သိန်းသုံးသိန်းအထိ ဈေးရတယ်။ အခုနှစ်တော့ ကျွန်တော့်ခြံက အသီးကင်းထိုးတာလည်းနောက်ကျတယ်။ အခုလိုင်လိုင်ပေါ်ချိန်မှာ ဈေးကွက်ပျက်သွားတာ ဖြစ်တဲ့ အတွက် ဝယ်မယ့်သူမရှိတော့ဘူး"ဟု ကလေးမြို့ဒေသခံ ဦးခင်မောင်ဝင်းက ပြောသည်။

နယ်စပ်ကုန်သွယ်ရေးမှ ဘဏ္ဍာနှစ်အလိုက် ထုတ်ပြန်ကြေညာချက်အရ မြန်မာ-အိန္ဒိယနယ်စပ် တမူးနန်းဖာလုံဈေးမှတစ်ဆင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မျောက်ငိုသီး ၄၄၀ ဒသမ ၄၀၅ တန်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၉ သန်း ရရှိခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/137816.html

## ပြည်တွင်းစားသုံးဆီဖူလုံရန် ဆီထွက်သီးနှံများ သုတေသနပြုလုပ်

ပြည်တွင်းတွင် စားသုံးဆီဖူလုံရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဆီထွက်သီးနှံသုတေသနဌာနစုအနေနှင့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းနှင့်ဆူးပန်းအစရှိသည့် ဆီထွက်သီးနှံများကိုသုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း

ယင်းဌာနထံမှသိရသည်။ ရေ၊ မြေဒေသရာသီဥတုနှင့် ကိုက်ညီ၍ အထွက်နှုန်းကောင်းခြင်း၊ ရောဂါပိုးမွှားဒဏ်ခံနိုင်ခြင်း၊ အရည်အသွေးကောင်းမွန်ခြင်းစသည့် အရည်အချင်းလက္ခဏာများနှင့်ပြည့်စုံသည့် မျိုးကောင်း၊ မျိုးသန့်များကိုသုတေသနပြု မွေးမြူရွေးချယ် ထုတ်လုပ်ရေးသည့် အဓိကလုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာနထံမှ သိရသည်။ မြေပဲသီးနှံသုတေသနအနေနှင့် သက်လျင်မျိုး (ဆင်းပဒေသာ-၇ ကဲ့သို့ သက်တမ်း ၉၀-၉၅ ရက်ရှိမြေပဲမျိုး)၊ အထွက်ကောင်းမျိုး (ဆင်းပဒေသာ-၁၁ ကဲ့သို့ အထွက်ကောင်းမျိုး)၊ ရောဂါဒဏ်ခံနိုင်ရည်ရှိသည့်မျိုး၊ ရေငတ်ဒဏ်ခံနိုင်ရည်ရှိသည့်မျိုး (ဆင်းပဒေသာ-၁၂ ကဲ့သို့ ရေငတ်ဒဏ်ခံနိုင်ရည်ရှိသည့်မျိုး)၊ ဈေးကွက်အလားအလာကောင်းသည့် အစေ့စားမျိုးများ မွေးမြူထုတ်လုပ်ရန်အတွက် မျိုးကူးစပ်ခြင်း၊ မွေးမြူရွေးချယ်ခြင်းနှင့် အထွက်ယှဉ်ပြိုင်စမ်းသပ်ခြင်း သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဏာမအထွက်ယှဉ်ပြိုင်ခြင်း၊ ဒုတိယအဆင့်အထွက်ယှဉ်ပြိုင်ခြင်း၊ အဆင့်မြင့်အထွက်ယှဉ်ပြိုင်ခြင်း၊ ဒေသအလိုက်အထွက်ယှဉ်ပြိုင်ခြင်း၊ အလားအလာကောင်းသည့်မျိုးများ သရုပ်ပြစမ်းသပ်ခြင်း၊ အကွက်ကျယ်သရုပ်ပြစမ်းသပ်ခြင်းအဆင့်ဆင့် ဆောင်ရွက်ပြီးမှသာ ရရှိလာသည့်မြေပဲမျိုးသစ်ကို မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီနှင့် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီတို့တွင် မှတ်ပုံတင်၍ မျိုးသစ်အဖြစ်အတည်ပြုထုတ်ဝေခြင်းဖြစ်ပြီး ဒေသအလိုက် သင့်တော်သည့် မြေပဲမျိုးများ မွေးမြူထုတ်လုပ်ခြင်းသုတေသနများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာနထံမှသိရသည်။

**Source : The Voice**

https://news.ydnp.net/339378/

## ကပ်ဘေးမှာ ရင်းနှီးမြှုပ်နှံမှုတွေ တားထားနိုင်မလား

တစ်စတစ်စဖြင့် ပျံ့နှံ့များပြားလာသည့် ကိုရိုနာဗိုင်းရပ်စ်ကပ်အတွင်း မြန်မာနိုင်ငံသည်လည်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ ရောဂါကူးစက်မှုများ စတင်လာပြီဖြစ်သည်။ တစ်ပတ်ကျော်ကာလအတွင်း ၁၅ ဦး ကူးစက်ခံရပြီး တစ်ဦးသေဆုံးခဲ့သည့် အခြေအနေက ၎င်းကပ်ရောဂါဆိုးကို လွယ်လင့်တကူ ကျော်ဖြတ်သွားရန်မဖြစ်နိုင်ကြောင်း ပြသသည့်သဘောဖြစ်နေသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကိုရိုနာဗိုင်းရပ်စ်သည် တစ်ကမ္ဘာလုံးကို ကျန်းမာရေးနှင့် လူမှုစီးပွားရေး ထိခိုက်စေခဲ့ကာ ကမ္ဘာ့ကပ်ဘေးကာလသို့ ရောက်ရှိစေခဲ့ပြီးဖြစ်သည်။ အမေရိကန်ကဲ့သို့သော ကမ္ဘာ့အင်အားကြီးနိုင်ငံသည်ပင် စီးပွားရေးတစ်ဟုန်ထိုးကျဆင်းကာ အစုရှယ်ယာဈေးကွက် ကမောက်ကမဖြစ်ပေါ်နေသည်။ စတော့ဈေးကွက်များကျဆင်းမှုကြောင့် ကမ္ဘာ့ကုမ္ပဏီအများအစုသည် စီးပွားရေးထိခိုက်မှုများကို ရင်ဆိုင်ဖြေရှင်းနေရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည်လည်း ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒများချမှတ်ခြင်းဖြင့် ကျဆင်းနေသည့်စီးပွားရေးကို ပြန်လည်နှိုးဆွနိုင်ရန် လုပ်ဆောင်နေကြသည်။

မြန်မာနိုင်ငံသည် ဗိုင်းရပ်စ်စတင်ကူးစက်ခံရခြင်းမရှိစဉ် အချိန်ကပင် စီးပွားရေးထိခိုက်နစ်နာမှုများကို ခံစားနေခဲ့ရပြီးဖြစ်သည်ဟု နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ထုတ်ဖော်ပြောထားသည်။ ယခုအခါ ဗိုင်းရပ်စ်ကူးစက်ခံရမှု ပိုမိုပျံ့နှံ့လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍနှင့် လူမှုစီးပွားရေးအခြေအနေများကို ပိုမိုသတိထားဖွယ်ဖြစ်လာသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလည်ပတ်မှုသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှတစ်ဆင့် အသက်ဝင်လာခြင်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုများသည်လည်း လူတစ်ဦးချင်းစီ၏ စုငွေပမာဏ၊ ပုဂ္ဂလိကကုမ္ပဏီများရှိ စုငွေပမာဏနှင့် နိုင်ငံခြားသားစုငွေ (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု) ပမာဏစသည့်သုံးရပ်တို့အပေါ်တွင် မူတည်ကာဖြစ်ပေါ်လာသည်။ ၎င်းရင်းနှီးမြှုပ်နှံမှုများရှိမှသာ ကုန်ထုတ်စွမ်းအားကို ဖြစ်လာစေပြီး တိုင်းပြည်ဝင်ငွေကိုလည်း ဖြစ်လာစေသည်။

ထိုကဲ့သို့ အရေးကြီးသည့်အခြေအနေများကြောင့် ကိုရိုနာဗိုင်းရပ်စ်ပြဿနာသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ထိခိုက်မှုမည်မျှရှိလာနိုင်သည်ကို စောင့်ကြည့်ဖွယ်ဖြစ်လာသည်။ လက်ရှိတွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများသည်ပင် အမျိုးသားကာကွယ်ရေးဝါဒ မြင့်တက်လာနေခြင်းကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုစိစစ်မှုများရှိလာကြသည်။ လက်ရှိတွင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း၊ ဟိုတယ်နှင့်တည်းခိုခန်းလုပ်ငန်း၊ လက်ခစား အထည်ချုပ်လုပ်ငန်းများ၊ ရုပ်ရှင်ရုံလုပ်ငန်း၊

စားသောက်ဆိုင်လုပ်ငန်းများ၏ စီးပွားရေးများကို ထိခိုက်မှုများစတင်ကြုံတွေ့လာခဲ့ပြီဖြစ်သည်။ ထို့အတူ လူစုလူဝေး သွားလာလှုပ်ရှားမှုများကို ထိန်းချုပ်ရန် ကုမ္ပဏီလုပ်ငန်းအများစုသည် လုပ်သားအင်အားလျှော့ချခြင်း၊ လုပ်ငန်းလည်ပတ်မှု ခေတ္တရပ်ဆိုင်းခြင်းများ လုပ်ဆောင်လာခြင်းကြောင့် စီးပွားရေးလုပ်ငန်းများ၏ဝင်ငွေ ထိခိုက်မှုနှင့် ကုန်ထုတ်လုပ်မှုကျဆင်းသည့် အခြေအနေများ ရှိလာပြီဖြစ်သည်။ ယင်းအခြေအနေများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှု (GDP) ကို စတင်ထိခိုက်မှု ရှိလာသည်။ လည်ပတ်ဆဲ စီးပွားရေးလုပ်ငန်းများကိုပင် စောင့်ကြည့်နေရသည့် အခြေအနေများကြောင့် လုပ်ငန်းထပ်မံ ိုးချဲ့ရန်နှင့် ရင်းနှီးမြှုပ်နှံမှုအသစ်များအတွက် စွန့်စားရန်မှာ ပိုမိုမဖြစ်နိုင်သည့်အခြေအနေတွင် ရှိနေသည်။

အခြားတစ်ဖက်တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် များလာသည့်အခြေအနေများကြောင့် နယ်စပ်ဂိတ်များ ယာယီပိတ်ဆို့မှုများ ရှိလာနေရာ ကုန်သွယ်မှုကဏ္ဍပိုင်းတွင်လည်း ထိခိုက်မှုများရှိလာသည်။ ကိုရိုနာကပ်ဆိုး စတင်လာချိန် မတိုင်မီကမူ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏကို ပို့ကုန်ပမာဏ ကန်ဒေါ်လာ ၁၅ ဘီလျံနှင့် သွင်းကုန်ပမာဏ ကန်ဒေါ်လာ ၁၇ ဘီလျံတို့ဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏ ကန် ဒေါ်လာ ၃၂ ဘီလျံဖြစ်လာရန် နိုင်ငံတော်အစိုးရအဖွဲ့က ရည်မှန်းထားသည်။ လက်ရှိတွင်မူ ကိုရိုနာဗိုင်းရပ်စ်၏အခြေအနေများကြောင့် ကုန်သွယ်မှုကဏ္ဍ၏ လျာထားချက်ပမာဏကို ပြည့်မီနိုင်ရန် မဖြစ်နိုင်တော့ကြောင်း ပြည်တွင်း စီးပွားရေး လေ့လာသုံးသပ်သူများက ပြောကြသည်။ ပြည်တွင်းထုတ်လုပ်မှု ကျဆင်းခြင်းနှင့် ကုန်သွယ်မှုထိခိုက်နိုင်သည့် အခြေအနေများကြောင့် စီးပွားရေးကဏ္ဍကို မလွဲမသွေ ထိခိုက်မည်ဖြစ်သည်။ ''လောလောဆယ်မှာက လက်ရှိလည်ပတ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေရော ရင်းနှီးမြှုပ်နှံမှုပိုင်းရော တုံ့ဆိုင်းနေတယ်။ အဲဒါကိုတော့ အစိုးရက ဒုတိယဦးစားပေးအခြေအနေနဲ့သွားမယ်ထင်တယ်။ ကိုရိုနာဗိုင်းရပ်စ်ကိစ္စ ရှင်းလင်းသွားရင် စီးပွားရေးနဲ့ပတ်သက်တဲ့ အခြေခံလိုအပ်ချက်တွေကို ပြန်လည်တည်ဆောက်ရမယ်။ အဓိက ကတော့ ခရီးသွားနဲ့ကုန်ထုတ်လုပ်မှုကဏ္ဍနဲ့ လက်လီလုပ်ငန်းစီးပွားရေးဆိုင်ရာ လိုအပ်ချက်တွေကို ပြန်တည်ဆောက်ရလိမ့်မယ်။ အခုဖြစ်သွားတာက ဗိုင်းရပ်စ်ကြောင့်ဖြစ်သွားတာမို့လို့ ဗိုင်းရပ်စ်ကိုထိန်းချုပ်နိုင်ရင် စီးပွားရေးကိုပြန်ပြီးတည်ဆောက်နိုင်မှာပါ''ဟု ရန်ကုန်စတော့အိတ်ချိန်း၏ အကြီးတန်းအလုပ်အမှုဆောင် ဦးသက်ထွန်းဦးကပြောသည်။

နိုင်ငံတကာတွင်မူ ဗိုင်းရပ်စ်ပြဿနာကြောင့် စီးပွားရေးလုပ်ငန်းအများစုရပ်ဆိုင်းခဲ့ကြပြီး ကုန်ထုတ်လုပ်မှုလျှော့ချမှုများ ရှိခဲ့သည်။ ယင်းသို့လျှော့ချခြင်းက ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကပ်ဆိုက်မှုအသွင် ဖြစ်လာမည်ကို ကြိုတင်တွက်ဆဖြေရှင်းကြခြင်းများဖြစ်သည်ဟု ပြည်တွင်းစီးပွားရေးပညာရှင်များကပြောသည်။ မြန်မာနိုင်ငံတွင်လည်း ဗိုင်းရပ်စ်ကြောင့် စီးပွားရေး ထိခိုက်နစ်နာမှုများကို ကုစားနိုင်ရန်အတွက် ကျပ်ငွေဘီလျံ ၁၀၀ ထုတ်ချေးပေးရန် အစိုးရက လုပ်ဆောင်ထားသည်။ ယင်းသို့ ပြင်ဆင်မှုများရှိနေခြင်းကြောင့် စီးပွားရေးထိခိုက်နစ်နာမှုရှိလင့်ကစား ကြီးမားသည့်အခြေအနေတစ်ခုကို မရောက်ရှိနိုင်ကြောင်း ၎င်းကပြောသည်။ ''ကုန်ထုတ်လုပ်မှုတွေကို ထပ်ပြီးလျှော့ချလိုက်လို့ရှိရင် ကမ္ဘာကြီးတစ်ခုလုံးက အဆိုးရွားဆုံး ကမ္ဘာ့စီးပွားပျက်ကပ်ကြီးကို ကြုံရတော့မယ်ဆိုတာကို နိုင်ငံတိုင်းက သဘောပေါက်လာတယ်။ အခုဆိုရင် ငွေကြေးမူဝါဒတွေ၊ စီးပွားရေးမူဝါဒတွေနဲ့ ပြန်လည်မောင်းနှင်လာနေတယ်။ မြန်မာနိုင်ငံရဲ့ လောလောဆယ်စီးပွားရေးအနေအထားက နည်းနည်းလေးကံကောင်းတယ်။ ဘာကံကောင်းလဲဆိုတော့ ကျွန်တော်တို့အနေနဲ့ ဗိုင်းရပ်စ်ကို စတွေ့တဲ့အခါမှာ နောက်ဆုံးတွေ့တဲ့ နိုင်ငံစာရင်းထဲမှာပါတယ်။ အခုလိုဖြစ်တဲ့အချိန်မှာ တရုတ်နိုင်ငံက ဗိုင်းရပ်စ်ကို တော်တော်လေးထိန်းချုပ်နိုင်နေပြီ။ သူတို့ဆီမှာ စက်ရုံ ၉၀ ရာခိုင်နှုန်းလောက်က ပြန်ပြီးလည်ပတ်နေပြီ။ ကမ္ဘာ့စီးပွားရေးရဲ့ ၃၀ ရာခိုင်နှုန်းနီးပါးလောက်ကို လည်ပတ်နေတဲ့ တရုတ်နိုင်ငံက လောလောဆယ်မှာ စီးပွားရေးပြန်လည်ပတ်နေတယ်ဆိုတာက ကျွန်တော်တို့နိုင်ငံနဲ့ကုန်သွယ်မှု ရပ်တန့်သွားတာမျိုး မရှိနိုင်တော့ဘူး။ ကုန်သွယ်မှုရှိနေရင် ရင်းနှီးမြှုပ်နှံမှုပိုင်းမှာလည်း သူ့အလိုလိုလည်ပတ်သွားလိမ့်မယ်''ဟု ပြည်တွင်းစီးပွားရေး လေ့လာစောင့်ကြည့်သူ ဒေါက်တာအောင်ကိုကိုကပြောသည်။ သို့ရာတွင် အစိုးရအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှု အားကောင်းလာစေနိုင်မည့် မူဝါဒများကို လျင်မြန်စွာ ချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်သည်ဟု ၎င်းကပြောသည်။ ''လောလောဆယ် အခြေအနေအရက ရင်းနှီးမြှုပ်နှံမှုအသစ်တွေကို မျှော်မှန်းလို့မရတော့ဘူး။ ဒါပေမဲ့ လိုအပ်နေတဲ့ ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုပိုင်းကို မြန်မြန်ဆန်ဆန်ခွင့်ပြုပေးခြင်းနဲ့တော့ လုပ်ဆောင်နိုင်တယ်။ ဥပမာ-လျှပ်စစ်လို ကဏ္ဍမျိုးအတွက် ရင်းနှီးမြှုပ်နှံမှုတွေကို ခွင့်ပြုပေးတာတွေ လုပ်သင့်တယ်''ဟု ဒေါက်တာအောင်ကိုကိုက ပြောသည်။

ယခုနှစ်သင်္ကြန်ကာလတွင်လည်း ရာသီပွဲတော်ကျင်းပရန် ရပ်ဆိုင်းထားသည်။ ထို့အတွက် သင်္ကြန်မဏ္ဍပ်စီးပွားရေး၊

စားသောက်ဆိုင် ဆိုင်ရာ စီးပွားရေးနှင့်ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝင်ငွေများလည်း ကျဆင်းမည်ဖြစ်သည်။ "စီးပွားရေးအနေနဲ့ ကြည့်ရင်တော့ လျော့သွားတာအမှန်ပဲ။ ဒါကို တခြားနည်းလမ်းတွေနဲ့ ပြန်ထိန်းဖို့လိုတယ်။ ဒါကိုအစိုးရအနေနဲ့ ထိထိရောက်ရောက် ဝင်ထိန်းဖို့လိုတယ်။ ကုန်ဈေးနှုန်းတည်ငြိမ်ဖို့၊ ရိက္ခာလုံလောက်ဖို့၊ လောင်စာဆီနှုန်းထားတည်ငြိမ်ဖို့နဲ့ လုပ်ငန်းဆိုင်ရာ သယ်ယူပို့ဆောင်ရေး ကောင်းဖို့ဆိုတာတွေကို လုပ်ထားဖို့ အရေးကြီးတယ်"ဟု ဒေါက်တာအောင်ကိုကိုက ပြောသည်။

မည်သို့ဆိုစေကာမူ တစ်ကမ္ဘာလုံးကို ကပ်ဆိုးအသွင်ဖြစ်စေခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်သည် မြန်မာနိုင်ငံကိုလည်း နောက်ဆုံးလက်ကျန် နိုင်ငံများအဖြစ်ဝင်ရောက်ခဲ့ပြီဖြစ်သည်။ ထို့အတူ စီးပွားရေးကဏ္ဍအချို့တွင် ထိခိုက်နစ်နာမှုများကလည်း မျက်ဝါးထင်ထင် ရှိလာပြီဖြစ်သည်။ သို့ရာတွင် စီးပွားရေးဆိုင်ရာမူဝါဒ ပြင်ဆင်ချိန်ရရှိခဲ့သည့် အခြေအနေများကြောင့် စီးပွားရေးထိခိုက်မှုသည် များစွာမဖြစ်နိုင်ခြင်းက ကံကောင်းသည့် အခြေအနေတစ်ရပ်ဟု ဆိုနိုင်သည်။ ထို့အတူ ရင်းနှီးမြှုပ်နှံမှုသစ်များဝင်ရောက်လာရေးကိုမူ မျှော်မှန်းရန်မဖြစ်နိုင်သော်ငြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဟောင်းများ၏ စီးပွားရေးအခွင့်အလမ်းကောင်းများကို တွန်းအားပေးခြင်းဖြင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကျဆင်းခြင်းကို ကာကွယ်နိုင်မည့်အနေအထားရှိလာမည်လား မျှော်လင့်ရသည်။

**Source :** https://myanmar.mmtimes.com/news/137814.html

## ကုန်ပစ္စည်း ၁၆၇ ကျော်အတွက် ပို့ကုန်၊ သွင်းကုန်လိုင်စင် အွန်လိုင်းစနစ်ဖြင့် ထုတ်ပေးမည်

COVID-19 အရေးပေါ်ကာလအတွင်း ကုန်ပစ္စည်းအမျိုးပေါင်း ၁၆၇ ကျော်၏ ပို့ကုန်၊ သွင်းကုန်လိုင်စင် လျှောက်ထားမှုကို ရုံးဌာနသို့လာရောက်ရန်မလိုဘဲ အပြည့်အဝအွန်လိုင်းဝန်ဆောင်မှုဖြင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ဧပြီ ၁ ရက်မှစ၍ ထုတ်ပေးနေပြီဖြစ်သည်။ "အဓိက ကတော့ COVID-19 ကြောင့် လူစုလူဝေးကိစ္စမဖြစ်စေအောင် ရည်ရွယ်ချက်နဲ့လုပ်လိုက်တာ။ အခက်အခဲတွေရှိမယ်။ Fully အွန်လိုင်းစနစ်က ထပ်ပြီးတော့ အဆင့်မြှင့်လုပ်ဆောင်ရမှာတွေ ရှိသေးတယ်"ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က မြန်မာတိုင်း(မ်)ကိုပြောသည်။

မြန်မာနိုင်ငံတွင် COVID-19 ရောဂါဖြစ်ပွားပြီးနောက် နိုင်ငံအတွက် လိုအပ်သော အစားအသောက်များကို လွယ်ကူစွာတင်သွင်းနိုင်ရန်နှင့် နိုင်ငံတော်က လူစုလူဝေးမလုပ်ဆောင်ရန် ညွှန်ကြားချက်အတိုင်း အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ရန်ဝန်ကြီးဌာနက ဖြေလျှော့ပေးခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။ "လိုင်စင်လျှောက်ထားမှုလုပ်ရတဲ့ လုပ်ငန်းစဉ်အရရော ထုတ်ကုန်၊ သွင်းကုန်ကို ကြားထဲကနေ အကျိုးဆောင်ပေးတဲ့သူ အတွက်ရော ကျန်းမာရေးအန္တရာယ်အရ၊ အချိန်အရ အကျိုးပြုပါတယ်။ ရောဂါအတွက်သော်လည်းကောင်း၊ ကုမ္ပဏီတွေအတွက်သော်လည်းကောင်း အချိန်ကြန့်ကြာမှု၊ ရောဂါကာကွယ်မှုတွေကို အထောက်အကူဖြစ်တဲ့အတွက် ကြိုဆိုပါတယ်"ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် ဦးစံမိန်းက ပြောသည်။

ဧပြီ ၁ ရက် ဝန်ကြီးဌာနက ထုတ်ပြန်စာရင်းအရ Fully အွန်လိုင်းစနစ်ဖြင့် လျှောက်ထားခွင့်ပြုပေးမည့် ကုန်ပစ္စည်းများအနက် သွင်းကုန်ပစ္စည်း H.S Code လိုင်း ၉၁ ခုပါဝင်ပြီး ပို့ကုန်ပစ္စည်း H.S Code လိုင်း ၇၃ ခု လျှောက်ထားခွင့်ပြုမည်ဖြစ်သည်။ ယခင် Fully အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော CMP (အထည်ချုပ်) သွင်းကုန်လိုင်စင်များအပြင် ပြည်သူလူထုအတွက် လိုအပ်မည့် ပစ္စည်းများ၊ သွင်းကုန်ပစ္စည်းများဖြစ်သော ဆေးနှင့်ဆေးပစ္စည်းများ၊ ဆေးရုံသုံးစက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ စားအုန်းဆီနှင့်ဆီထွက်ကုန်ပစ္စည်းများ၊ နို့နှင့် နို့ထွက်ပစ္စည်းများ၊ အီလက်ထရွန်းနစ်ပစ္စည်းများ၊ စွမ်းအင်သုံးပစ္စည်းများ၊ ချောဆီ၊ ဆိုင်ကယ်စက်ဘီးများနှင့် ပို့ကုန်အတွက် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ ခဲသတ္တု၊ သကြား၊ သဘာဝဓာတ်ငွေ့များအပါအဝင် အခြားကုန်ပစ္စည်းများအတွက် ဆောင်ရွက်ပေးမည်ဖြစ်သည်။ မူလက နေ့စဉ်ပုံမှန် ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားမှုသည် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်ရုံးချုပ်နှင့် ရန်ကုန်ရုံးခွဲတို့တွင်ပင် ပျမ်းမျှအားဖြင့် လူဦးရေ ၇၀ နှင့် ၁၀၀ ကျော်ရှိနေ သည်ဟုသိရသည်။ အွန်လိုင်းလျှောက်ထားမှုစနစ်အရ ကုန်သည်လုပ်ငန်းရှင်များသည် ရုံးဌာနသို့ လာရောက်ရန်မလိုဘဲ အင်တာနက်

ရရှိသည့် မည်သည့်နေရာမှမဆို လိုင်စင်လျှောက်ထားခြင်း၊ ငွေပေးသွင်းခြင်း၊ လိုင်စင်ပြန်လည်ထုတ်ယူခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အဆိုပါ ပို့ကုန်သွင်းကုန် လျှောက်ထားမှုအတွက် www.myanmartradenet.com.mm မှတစ်ဆင့် ဝင်ရောက်လျှောက်ထားနိုင်ပြီး ပင်လယ်ရေကြောင်းလိုင်စင်နှင့် နယ်စပ်လိုင်စင် (ရုံးချုပ်)များတွင် လျှောက်ထား နိုင်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကဆိုသည်။ ထိုသို့လျှောက်ထားရာတွင် လျှောက်ထားမည့် (ပသက)မှတ်ပုံတင်ပြီး ကုမ္ပဏီများအနေဖြင့် စနစ်အတွင်း ဝင်ရောက်အသုံးပြုရန် (Member Registration) ပြုလုပ်ရမည်ဖြစ်သည်။ ငွေကြေးပေးသွင်းမှုအတွက် လက်တလောတွင် မြန်မာနိုင်ငံသားများဘဏ် (MCB eCommerce Pay) ဖြင့် ပေးသွင်းနိုင်မည်ဖြစ်ပြီး မကြာမီ MPU e-Commerce pay ဖြင့်ပါ ပေးသွင်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်ဟု ဝန်ကြီးဌာနကဆိုသည်။ ယင်းလိုင်စင်များအတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အကောက်ခွန်ဦးစီးဌာန (MACCS) စနစ်သို့ အီလက်ထရွန်းနစ်ဒေတာဖြင့် ဆက်လက်ချိတ်ဆက်ပေးပို့မည်ဟုသိရသည်။

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် ကုန်သည်လုပ်ငန်းရှင်များသည် Myanmar Tradenet Member ဝင်ရောက်ထားခြင်းမရှိသေးပါက Member ဝင်ခြင်း၊ လုံခြုံရေးအတွက် Google Authenticator အသုံးပြုမည့် လက်ကိုင်ဖုန်းတွင်Install ပြုလုပ်ခြင်းနှင့် ၎င်း Google Authenticator နှင့် Myanmar Tradenet Account ချိတ်ဆက်ထားခြင်း၊ MCB Bank တွင် Account ဖွင့်လှစ်ထားခြင်း မရှိသေးပါက Account ဖွင့်လှစ်ခြင်း စသည်တို့ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။

**Source :** https://myanmar.mmtimes.com/news/137812.html

## အညာဒေသက တမာရွက်ပြုတ်များ ရန်ကုန်ဈေးကွက်တွင် အဝယ်များနေ

COVID-19 ရောဂါ ကာကွယ်နိုင်တယ်လို့ ကောလဟာလသတင်းတွေ လူမှုကွန်ယက်စာမျက်နှာပေါ်မှာ ပျံ့နှံ့ပြီးနောက် မကွေးမြို့က တမာရွက်ပြုတ်တွေ ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေတယ်လို့သိရပါတယ်။ မကွေးမြို့မှ တမာရွက်တင်ပို့နေသူတစ်ဦးဖြစ်တဲ့ ကိုအေးရွှေက "COVID-19 ရောဂါ ပျောက်တယ်ဆိုပြီး ရန်ကုန်က မှာယူနေတဲ့ အတွက် တစ်ရက်ကို တမာရွက်ပြုတ် ပိဿာချိန် ၅၀ လောက် တင်ပို့ရောင်းချနေတာပါ။ ဈေးကွက်အခိုင်အမာရှိပြီး တစ်ပိဿာကို ကျပ် ၂၀၀၀ နှုန်းလောက် ရောင်းရပါတယ်။ အရင်ကဆိုရင် တမာရွက်တစ်စည်းကို ကျပ် ၂၀ လောက်သာ ပေါက်ဈေးရှိပါတယ်။ တမာရွက်ပြုတ်ရည်ကိုသောက်ပြီး အရွက်တွေကို အတို့အမြှုပ်လုပ်စားမယ်ဆိုပြီး ရန်ကုန်ဘက်က မှာယူနေကြတာပါ" လို့ ပြောပါတယ်။ မကွေးတိုင်း အစားအသောက်နဲ့ဆေးဝါးများ ကွပ်ကဲမှုဦးစီးဌာန(FDA) တိုင်းတာဝန်ခံ ဒေါက်တာပြည့်ထူးကတော့ "တမာရွက်နဲ့ပတ်သက်ပြီး သုတေသနပြုလုပ်ထားတာမရှိသေးတဲ့အတွက် ရောဂါကာကွယ်နိုင်တယ်လို့ တိတိကျကျပြောလို့မရသေးဘူး။ ဘယ်ဟင်းသီးဟင်းရွက်မဆို ခွန်အားရှိပြီးရောဂါပိုးတွေကို တွန်းလှန်နိုင်တဲ့အတွက် စားသုံးသင့်ပါတယ်။ ကောလာဟလ သတင်းတွေအရ တမာရွက်ပြုတ်ဟာ ရောဂါကာကွယ်တယ်ဆိုပြီး ပြည်သူတွေအနေနဲ့ ပေါ့ပေါ့ဆဆနေမယ်ဆိုရင် ရောဂါပိုပြီး ပြန့်ပွားသွားနိုင်လို့ အရဲမကိုးသင့်ပါဘူး"လို့ ပြောပါတယ်။ တမာပင်တွေဟာ အပူပိုင်းဒေသဖြစ်တဲ့ မြန်မာနိုင်ငံ အလယ်ပိုင်း အညာဒေသမှာ အများဆုံးပေါက်တာဖြစ်ပါတယ်။

**Source :** https://news.ydnp.net/339434/

## ကိုရိုနာဗိုင်းရပ်စ်ကာလအတွင်း ဗီဇာသက်တမ်းတိုးထောက်ခံချက်တင်ပြရန် သတ်မှတ်ချက်များထုတ်ပြန်

ကိုရိုနာဗိုင်းရပ်စ် (Covid-19) ဖြစ်ပွားနေမှု ကာလအတွင်း ဗီဇာသက်တမ်းတိုး ထောက်ခံချက်တင်ပြရန် သတ်မှတ်ချက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) က ထုတ်ပြန်လိုက်သည်။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေနှင့် ဗီဇာသက်တမ်းမကုန်ဆုံးမီအနည်းဆုံး ၅ ရက်အထိ ကျန်ရှိသည့်နိုင်ငံခြားသားများ၊ ကုမ္ပဏီဝန်ထမ်းများကို ဗီဇာသက်တမ်းတိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီးလျှောက် လွှာပုံစံကို DICA ဝက်ဘ်ဆိုက်ရှိ https://

www.dica.gov.mm/news/1372173 မှတစ်ဆင့်ရယူ၍ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးက လက်မှတ်ရေးထိုးတင်ပြရမည်ဖြစ်သည်။

ပထမအကြိမ်ခန့်ထားသည့် နိုင်ငံခြားသားဝန်ထမ်းများအနေနှင့် ကျွမ်းကျင်ပညာရှင်အထောက်အထား တင်ပြနိုင်ခြင်း မရှိပါက ကုမ္ပဏီ Officer ၏ ထောက်ခံချက်ဖြင့်တင်ပြနိုင်ပြီး ကုမ္ပဏီဝန်ထမ်းများအတွက် ဗီဇာသက်တမ်းတိုးတင်ပြပါက ကုမ္ပဏီ၏လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအထောက်အထား (Contracts ၊ Agreement ၊ Invoice၊ လုပ်ငန်းလိုင်စင်၊ ခွင့်ပြုမိန့်) များတင်ပြရမည်ဖြစ်ကြောင်းယင်းဌာနထံမှသိရသည်။ ထို့ပြင် လက်ခံဆောင်ရွက်ပေးပြီးသည့် တင်ပြစာများအတွက် လိုအပ်မည့်စာအမှတ်ကို ရုံးသို့လာရောက်ခြင်း မလိုအပ်စေရန် ကုမ္ပဏီအမည်များအလိုက် https://www.dica.gov.mm / mm/ taxonomy/term/3830 တွင် နေ့စဉ်ကြေညာပေးမည်ဖြစ်ပြီး ယင်းသတ်မှတ်ချက်များသည် Covid-19 ရောဂါဖြစ်ပွား နေမှု၏ နိုင်ငံတော်က ကြေညာချက်အပေါ် သက်ရောက်မှုရှိသည့် ကာလအထိသာအကျုံးဝင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနထံမှသိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ပိုးရှိသူများတွေ့ရှိလာခြင်းကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက မြန်မာနိုင်ငံသို့ လာရောက်မည့် နိုင်ငံခြားသားများကို မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားမဆိုထုတ်ပေးခြင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနက မတ်လ ၂၉ ရက်နေ့က ယာယီရပ်ဆိုင်းလိုက်သည်။

**Source : The Voice**

https://news.ydnp.net/339374/

## ၂၀၂၀ ပြည့်နှစ်စမှစ၍ စက်သုံးဆီ တစ်လီတာလျှင် ကျပ် ၅၀၀ ကျော်အထိဈေးကျ

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လကုန်အထိ စက်သုံးဆီတစ်လီတာလျှင် ကျပ် ၅၀၀ ကျော်အထိ ဈေးနှုန်း များကျဆင်းလျက်ရှိကြောင်း စက်သုံးဆီအရောင်းဆိုင်များထံမှသိရသည်။ ကမ္ဘာ့ရေနံစိမ်းဈေးသည် တစ်စည်လျှင် ဒေါ်လာ ၂၀ ဝန်းကျင်အထိ ဆက်တိုက်ကျဆိုင်းလျက်ရှိပြီး ၂၀၀၃ ခုနှစ် နောက်ပိုင်း အကျဆုံးကာလသို့ရောက်ရှိနေခြင်းဖြစ်သည်။ ရေနံစိမ်းဈေးသည် ၂၀၁၈ ခုနှစ်တွင် အမြင့်ဆုံးတစ်စည်လျှင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၆၆ ဒေါ်လာနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ၆၃ ဒေါ်လာဖြင့် ဈေးကျဆင်းခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင် မတ်လ ၃၁ ရက်နေ့က ရောင်းချလျက်ရှိသည့်ဆီဈေးနှုန်းများက အောက်တိန်း ၉၂ တစ်လီတာလျှင် ကျပ် ၄၇၀၊ အောက်တိန်း ၉၅ တစ်လီတာလျှင် ကျပ် ၅၆၀၊ ဒီဇယ်တစ်လီတာလျှင် ၅၃၀ ကျပ်နှင့်အဆင့်မြင့်ဒီဇယ် တစ်လီတာလျှင် ၅၄၀ ကျပ်ဖြစ်ကြောင်း စက်သုံးဆီဆိုင်များ၏ ဈေးနှုန်းများအရသိရသည်။

**Source : The Voice**

https://news.ydnp.net/339250/

## Coronavirus (COVID-19) ဖြစ်ပွားမှုကြောင့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ချိတ်ဆက်မှုကိစ္စရပ်များတွင် လုပ်ငန်းများရပ်တန့်ခြင်းမရှိစေရန် လက်ရှိဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

ကိုရီးယားသမ္မတနိုင်ငံတွင် Coronavirus (COVID-19) ဖြစ်ပွားမှုကြောင့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ချိတ်ဆက်ဆောင်ရွက်မှုကိစ္စရပ်များတွင် လုပ်ငန်းများရပ်တန့်ခြင်းမရှိစေရန် မြန်မာသံရုံး၊ ဆိုးလ်မြို့မှ စီးပွားရေးသံမှူးအနေဖြင့် လက်ရှိဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

(က) လုပ်ငန်းရပ်များအား Email မှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံသည် နည်းပညာ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်သည့်အတွက် လုပ်ငန်းရပ် များအား ထိုသို့ဆောင်ရွက်ရာတွင်အခက်အခဲမရှိကြောင်း တွေ့ရှိရပါသည်။ ရောင်းဝယ် မှုများတွင် E-Commerce စနစ်ကို ပိုမိုအသုံးပြုဆောင်ရွက်လာကြလျက်ရှိပါသည်။

(ခ) မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်သွယ်မေးမြန်းမှုများကိုလည်း ပုံမှန်အတိုင်း Email မှတစ်ဆင့်လက်ခံရရှိလျက်ရှိပြီး၊ စီးပွားရေးဆိုင်ရာမေးမြန်းမှုများအား Email/ ဖုန်းတို့မှ

တစ်ဆင့် အချိန်နှင့်တစ်ပြေးညီဖြေဆိုခြင်း၊ ညှိနှိုင်းခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်လက်ပေးပို့တင်ပြခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

( ဂ ) COVID-19 ဖြစ်ပွားမှုကြောင့် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးအပေါ် ရိုက်ခတ်မှု အခြေအနေများနှင့် ဤနိုင်ငံအတွင်း စီးပွားရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို အချိန်နှင့် တစ်ပြေးညီ လေ့လာသုံးသပ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့တင်ပြလျက်ရှိပါသည်။

(ဃ) ပို့ကုန်မြှင့်တင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ ယာယီဆိုင်းငံ့ထားသော ကုန်စည်ပြပွဲများအတွက် တည်ငြိမ်သည့်အချိန်တစ်ခု၌ ပြန်လည်ကျင်းပရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အဆင်သင့်ဖြစ်စေရန် လိုအပ်သည်များကို ကြိုတင် ပြင်ဆင်လျက်ရှိပါသည်။

(င) ကုန်စည်ပြပွဲများအနေဖြင့် လက်ရှိကာလတွင် ကျင်းပရန်မဖြစ်နိုင်သော်လည်း ၂၀၂၀ ပြည့်နှစ်၊ နှစ်လယ်ပိုင်းတွင် ကျင်းပမည့်ပွဲများ၌ ပူးပေါင်းဆောင်ရွက်ရန်ကမ်းလှမ်းမှုများ၊ မြန်မာနိုင်ငံတွင် တောင်ကိုရီးယား၏ပံ့ပိုးမှုဖြင့် ပူးပေါင်းဆောင်ရွက်ရန် တင်ပြ လျှောက်ထားနိုင်သည့် စီးပွားရေးဆိုင်ရာ Outbound Program ကမ်းလှမ်းမှုများကို ရရှိထားသည့်အတွက် အဆိုပါလုပ်ငန်းရပ်များအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

( စ ) ASEAN-Korea Centre အပါအဝင် မြန်မာနိုင်ငံနှင့် စီးပွားရေး/ကုန်သွယ်ရေးဆိုင်ရာ များဆက်စပ် ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းများနှင့် အဆက်အသွယ်မပြတ်စေရန် Online မှနေ့စဉ်ချိတ်ဆက်၍ သတင်းအချက်အလက်များကို ဖလှယ်ကာ နီးကပ်စွာ ဆက်လက်ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

(ဆ) ပို့ကုန်မြှင့်တင်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များတွင် အများ ပြည်သူသိရှိစေရန် ကြေညာရမည့်ကိစ္စရပ်များအတွက် မြန်မာသံရုံး၊ ဆိုးလ်မြို့ Website၊ Facebook Social Media၊ သတင်းမီဒီယာနှင့် သက်ဆိုင်ရာ မိခင်ဝန်ကြီးဌာနများ၏ Website များမှတစ်ဆင့် ဆောင်ရွက်သွားပါမည်။

( ဇ ) ကုန်သွယ်မှုလုပ်ငန်းရပ်များအတွက် ချိတ်ဆက်ခြင်းနှင့် ဈေးကွက်ရှာဖွေခြင်းတို့တွင် KOREA Importer Association (KOIMA) မှပြုစုတည်ဆောက်ထားသော Market Research Database တွင်(အခပေးအသင်းဝင်အဖြစ်) Member ဝင်ထားပါက ယခုကဲ့သို့ ကာလမျိုးတွင်အလားအလာရှိသည့် စီးပွားရေးလုပ်ငန်းများ၊ သတင်းအချက်အလက်များကို Online မှတစ်ဆင့် ရယူအသုံးပြုနိုင်မည်ဖြစ်ရာ၊ ပိုမိုထိရောက်လျှင်မြန်လွယ်ကူစွာ ရှာဖွေချိတ်ဆက်ခြင်းများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အတွက် ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ဆက်လက်တင်ပြ၍ဆောင်ရွက်သွားပါမည်။

(ဈ) ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံ၏ လက်ရှိဖြစ်ပေါ်လျက်ရှိသည့်အခြေအနေများနှင့် အနာဂတ်အလားအလာတို့အပေါ်တွင် လေ့လာသုံးသပ်၍ အနာဂတ်ကာလအတွက် မြန်မာ-ကိုရီးယား ကုန်သွယ်မှုမြှင့်တင်ရေးစီမံချက်ကို ရေးဆွဲလျက်ရှိပါသည်။ အဆိုပါစီမံချက်အား နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့တင်ပြ၍ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ကိုရီးယား**

## COVID-19 ကြောင့် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးနှင့်ဈေးကွက်အပေါ်အကျိုးသက်ရောက်မှု

Coronavirus (COVID-19) ကြောင့် စီးပွားရေးကဏ္ဍအပေါ် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိရာ အဓိကအားဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ လေကြောင်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် အိမ်ခြံမြေ ကဏ္ဍတို့တွင် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ COVID-19 လုံခြုံရေးအတွက် စီးပွားရေးဆိုင်ရာ အစည်းအဝေးများ၊ အခမ်းအနားများ၊ ကုန်စည်ပြပွဲများအားလုံးကိုဆိုင်းငံ့ဖျက်သိမ်းရခြင်း၊ ဝမ်ငွေတန်ဖိုးကျဆင်းလာခြင်း၊ အမေရိကန်ဒေါ်လာငွေဝယ်လိုအားမြင့်နေခြင်း၊ စတော့ရှယ်ယာဈေးနှုန်းများကျဆင်းလာခြင်း၊ ဘဏ်လုပ်ငန်းများကို ထိခိုက်မှုရှိခြင်းနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းငယ်များနှင့် တစ်ပိုင်တစ်နိုင်ကိုယ်ပိုင်လုပ်ငန်းငယ်များ ရပ်တည်ရန်ခက်ခဲလာခြင်းစသည့် စီးပွားရေးကဏ္ဍရိုက်ခတ်မှုများမှသည် ပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝများကိုပါ ထိခိုက်လာခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် COVID-19 ၏ရိုက်ခတ်မှုကြောင့် စီးပွားရေးတိုးတက်မှုနှုန်းကို မူလ ခန့်မှန်းထားသည့် ၂.၃% ထက် ၀.၂% လျှော့ချ၍ ၂.၁ %သို့ လည်းကောင်း၊ အခြေခံအတိုးနှုန်းကို လည်း ၁.၂၅% တွင်ပင်မပြောင်းလဲဘဲဆက်လက်ထားရှိရန် Bank of Korea မှ ဆုံးဖြတ်ခဲ့ပါသည်။ အချို့သော နိုင်ငံတကာစီးပွားရေးကျွမ်းကျင်ပညာရှင်များကမူ ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် လက်ရှိအခြေအနေများအရ ၂၀၂၀ ခုနှစ်တွင် ၁% အောက်သို့ပင် ရောက်နိုင်သည်ဟုခန့်မှန်းပြောဆိုလျက်

ရှိကြောင်း သိရှိရပါသည်။

Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ကိုရီးယား

## STOCK EXCHANGE (2.4.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 2nd Apr. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | -500 | -5.00% | 9,900 | 9,900 | 9,500 | 2,557 | 24,756,000 | 27,112,747 | 257,571 |
| MTSH | 00002 | 3,400 | -100 | -2.86% | 3,500 | 3,500 | 3,400 | 6,839 | 23,374,400 | 38,929,150 | 132,359 |
| MCB | 00003 | 7,800 | +100 | +1.30% | 7,800 | 7,800 | 7,800 | 26 | 202,800 | 10,400,986 | 81,128 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 264 | 5,544,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 19 | 51,300 | 12,823,224 | 34,623 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 407.21 | -11.98 | -2.86% | 417.21 | 417.21 | 407.21 | 9,705 | 53,928,500 | 5 | 557,594 |

**Index chart**




## Market Overview

As of 11:00 am, 2nd Apr. 2020

| MYANPIX | 413.15 ▼ 6.04 |
|---|---|
| Total Volume (shares) | 3,152 |
| Total Value (MMK) | 16 mil |
| Listed Company | 5 |
| Market Cap. (MMK) | 565,728 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,800 | ▼ 200 |
| MTSH | 00002 | 3,400 | ▼ 100 |
| MCB | 00003 | 7,800 | ▲ 100 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |